ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် ၂၄ /၂၀၂၁**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်)

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center) အတွက် ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP) တွင် ပါရှိသော မဟာဗျူဟာနှင့်လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် စီမံကိန်းဘဏ်အတွင်းရှိ စီမံကိန်းများကို တိကျသော လုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။

၂။ စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက် အပိုဒ် (၁၁)ပါ ပြဋ္ဌာန်းချက်အရ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ဦးဆောင်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |

(စ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၃။ PPP Center ၏ အဓိကတာဝန်မှာ စီမံကိန်းဘဏ်အတွင်းသို့ ထည့်သွင်းထားသည့် စီမံကိန်းများအနက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် စီမံကိန်းများကို ရှာဖွေဖော်ထုတ်ရန်နှင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ရန် ဖြစ်ပါသည်-

(က) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို အထောက်အကူပြုရန်၊

(ခ) စီမံကိန်းဘဏ်ရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများနှင့်ဆက်စပ်သည့် ကိစ္စရပ်များကို စီမံခန့်ခွဲရန်၊

(ဂ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဖော်ထုတ်ခြင်း၊ စီမံကိန်းတင်ဒါခေါ်ရန် ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်းနှင့် စီမံခန့်ခွဲခြင်းများအတွက် လိုအပ်ချက်များ၊ လမ်းညွှန်ချက်များ၊ ပုံစံများနှင့်လုပ်ထုံးလုပ်နည်းများ ရေးဆွဲရန်၊

(ဃ) အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား စောင့်ကြပ်၍ လိုအပ်သည်များ တင်ပြရန်၊

(င) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲရေးအတွက် လေ့လာဆန်းစစ်ချက်များနှင့်အကြံပြုချက်များပေးရန်၊

၄။ PPP Center ၏ ဦးဆောင်ကော်မတီသည် အထက်အပိုဒ် (၃)ပါ လုပ်ငန်းတာဝန်များအပြင် စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်တွင်ဖော်ပြထားသည့် PPP Center နှင့်ဆက်စပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဖြစ်သည်။

၅။ PPP Center ၏ ရုံးလုပ်ငန်းများကို PPP Center ၏ ဦးဆောင်ကော်မတီပါ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ရန်ဖြစ်သည်။ အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ပေါ်ပေါက်လာသော ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းနိုင်ရန်အတွက် အစည်းအဝေးများခေါ်ယူရန်ဖြစ်ပါသည်။

၆။ ဤဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၈) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး